**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၆ /၂၀၁၆**

**၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နိုင်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း(၃)၊ ပုဒ်မ ၅(ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"လုံခြုံရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | စစ်ဦးစီး(ဗိုလ်မှူးကြီး)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |

8-7-16committee

(ဈ) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ လုံခြုံရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးဖြစ်ပွားသည့်နေရာများတွင်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန်၊

(ခ) လူအင်အား၊ လက်နက်ပစ္စည်းကိရိယာ၊ ယာဉ်ယန္တရား၊ စက်သုံးဆီ၊ ရိက္ခာစသည်တို့ ကြိုတင်စုဖွဲ့လေ့ကျင့်စုဆောင်းရန်၊

(ဂ) လုံခြုံရေးလုပ်ငန်းစီမံချက်ကို အချိန်အခါ၊ အခြေအနေနှင့် အမြဲကိုက်ညီမှုရှိစေရေး အတွက် မပြတ်သုံးသပ်ရေးဆွဲဆောင်ရွက်ရန်၊

(ဃ) အရေးပေါ်အခြေအနေပေါ်ပေါက်ပါက အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ်နှင့်ဆက်စပ်ဖြစ်ပွားနိုင်သော အမှုအခင်းများ၊ ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်တွက်ဆ၍ လုံခြုံရေးစီမံချက်တွင် ထည့်သွင်းရေးဆွဲရန်၊ စီမံချက်များအတိုင်း ဆောင်ရွက်နိုင်ရေးလေ့ကျင့်ဆောင်ရွက်ရန်၊

(စ) လုံခြုံရေးစီမံချက်တွင် အထူးကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သော သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များ၊ သားသည်မိခင်များ၊ ကိုယ်စိတ်မကျန်းမာသူများကို အထူးကာကွယ်မှုပြုရမည့် အစီအမံများ ထည့်သွင်းရေးဆွဲဆောင်ရွက်ရန်၊

(ဆ) လုံခြုံရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများ၊ အစိုးရဌာနများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊

(ဇ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး၊ နေရာချထားရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(ဈ) ပြည်ပမှအကူအညီလိုအပ်သည်ဟုဆုံးဖြတ်သော ကိစ္စရပ်များအတွက် လုံခြုံရေးလုပ်ငန်းများတွင် ထိရောက်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းကွန်ယက်ချိတ်ဆက် လေ့ကျင့်ခြင်း၊

မိမိနိုင်ငံ၏ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များကိုသာမက နိုင်ငံတကာ သတ်မှတ်ချက်များကိုပါ မိမိအင်အားထုအတွင်း ဆွေးနွေးပို့ချသင်ကြားထားရန်၊

(ည) အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော ဒေသများအပါအဝင် ကမ္ဘာတစ်ဝှမ်းနိုင်ငံများ၏သဘာဝဘေးဖြစ်ပွားမှုများတွင် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများအား အထူးလုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ နှစ်ဖက်ညှိနှိုင်းလုပ်ဆောင်ခြင်းနှင့် ပါဝင်ကူညီခြင်းတို့အတွက် စနစ်တကျဖွဲ့စည်းလေ့ကျင့်ပြင်ဆင်ထားရန်၊

(ဋ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဌ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃)လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဍ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကိုဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ(ကိုယ်စား)

စိုးအောင်

အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

စာအမှတ်၊ ၁-၅ / ၄၀ (က) / ၀၂၂

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

8-7-16committee